(က) နိဒါန်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လုပ်ငန်းခွင်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုရှိနိုင်သောလုပ်ငန်းများကို ဘေးအန္တရာယ်ဖြစ်နိုင်ခြေ ဆန်းစစ်မှုပြုလုပ်ချက်(၂၆.၆.၂၀၂၀)အရ ရုံးလုပ်ငန်းဌာနများသည် ဝန်ထမ်းအချင်းချင်း (သို့) အများပြည်သူများ၊ ဧည့်သည်များ မကြာခဏ (သို့) အနီးကပ်ထိတွေ့မှုများရှိနိုင်သော်လည်း ကိုဗစ်-၁၉ ရောဂါရှိသော (သို့) သံသယလူနာများနှင့်ထိတွေ့ရန် မလိုအပ်သောလုပ်ငန်းဖြစ်သောကြောင့် ထိတွေ့မှုအန္တရာယ် အလယ်အလတ် (Medium Risk) ရှိသော လုပ်ငန်းများအဖြစ် သတ်မှတ်နိုင်ပါသည်။

ထိတွေ့မှုအန္တရာယ်အလယ်အလတ်ရှိသော လုပ်ငန်းများတွင် ပါဝင်သော်လည်း အများပြည်သူအား မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများပေးရသည့် လုပ်ငန်းများဖြစ်သော ရဲနှင့် လုံခြုံရေးလုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများ၊ အစားအသောက်နှင့်ဆေးဝါး လက်လီရောင်းသောလုပ်ငန်းများ၊ တည်းခိုခန်းလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ၊ ပစ္စည်းပို့ဆောင်ရေးလုပ်ငန်းများ၊ ရေရရှိရေးနှင့် သန့်ရှင်းရေးဆိုင်ရာလုပ်ငန်းများနှင့် အခြားပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရသည့်ဌာနများသည် လုပ်ငန်းခွင်တွင် ရောဂါကူးစက် မခံရစေရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို အထူးသတိပြု၍ လိုက်နာရမည် ဖြစ်ပါသည်။

ရုံးလုပ်ငန်းဌာနများတွင် COVID-19ရောဂါ ကာကွယ်ရန်အတွက်ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန် (Version 4.0) (၂၈-၆-၂၀၂၀)နှင့် ရုံးလုပ်ငန်းဌာနများ မဖြစ်မနေသိသင့်သိထားရမည့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲဆက်သွယ်ပညာပေးဆိုင်ရာ အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ(www.mohs.gov.mm)တွင် အလွယ်တကူ download ပြုလုပ်ရယူ နိုင်ရန် စီစဉ်ထားရှိမည်ဖြစ်ပြီး အောက်ဖော်ပြပါ QR-code ကို ရုံး/ဌာနများ၏ မြင်သာသောနေရာများတွင် ထားရှိခြင်းအားဖြင့် ရုံးဝန်ထမ်းများအနေဖြင့် မိမိတို့၏ မိုဘိုင်းဖုန်းများဖြင့် အလွယ်တကူ စကင်ဖတ်၍ရယူ သိမ်းဆည်းထားရှိနိုင်မည့်ဖြစ်ပါသည်။

ပုံ(၁)- ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ရောဂါကာကွယ်ရေး လုပ်ငန်းလမ်းညွှန်ရယူရန် QR-code)